တံပ်အွံရ်ပုန်လောတ်ကပိုန်တအာင်း

News & Information Department

PSLF/TNLA
စာစောင်အမှတ် ၀၀၈
နိုဝင်ဘာ၊၂၀၁၇

PSLF/TNLA ၏ နိုင်ငံရေးဦးတည်ချက်

(က) တအာင်းတစ်မျိုးသားလုံးအဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး

(ခ) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အာမခံသည့် တအာင်းပြည်နယ် တည်ဆောက်ရေး

(ဂ) အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေး

" မိမိတို့ရည်မှန်းထားသည့် ပန်းတိုင် မရောက်ရှိသေးသရွေ့ တအန်းလူမျိုးတစ်ယောက်အနေနဲ့ပါဝင်ပြီး သမိုင်းပေးတာဝန်တွေကို ဆက်လက် လုပ်ဆောင်သွားရမယ်..."

အရာရှိလောင်းများ အသက်ပေးလှူခြင်း (၃)နှစ်ပြည့် အင်တာဗျူးတွင် PSLF/ TNLA၏ ဒုဥက္ကဋ္ဌ (၁) တာဂျုတ်ဂျား၊ ဂုဏ်ပြုပြောကြားခြင်းမှ... စာ>>> ၇

"ကျနော်တို့ တကယ်လို့ ပြဿနာဖြစ်မယ်ဆိုရင် အပြီးသတ်ဆုံဖြတ်ပေးမယ့်သူက မြန်မာအစိုးရ မြန်မာစစ်ခေါင်းဆောင်တွေဦးဆောင်ထားတဲ့ ကော်မတီတွေ ဖြစ်နေတယ်ဆိုတော့.....

PSLF/TNLA ၏ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ် တာဘုန်းကျော်မှ RFA ရေဒီယို မေးပါရစေဦး အစီအစဉ်တွင် "NCA(၂)နှစ်ပြည့်မှသည်" ပါဝင်ဆွေးနွေးမှုနှင့် နိုင်ငံရေးသုံးသပ်ချက်များ... စာ>>> ၁၁

ကဇောည်တိုင်;မေန်းကတာည်းအယ်တအာင်း

ပံင်ကခီတ်တဲမ်ကဲ ဆငည်းဇက်;ဝါင်ခူန်နာန်း ချေ;ဘိုန် ဆူတ်အူ "မည်းအေမ်ဆင်း" စာ>>>၁၅

မာတိကာ

အခန်း အကြောင်းအရာ

၁။ အယ်ဒီတာ့အာဘော်

၂။ သတင်းများ

- တအန်းပြည်နယ်သို့ ထပ်မံထိုးစစ်ဆင်လာသည့် မြန်မာ့တပ်မတော်နှင့် တအန်းတပ်မတော် နိုဝင်ဘာလ ၁၀ ရက် တိုက်ပွဲ ဖြစ်ပွားခဲ့ စာမျက်နှာ-၄
- တအန်းပြည်နယ်သို့ ထပ်မံထိုးစစ်ဆင်လာသည့် မြန်မာ့တပ်မတော်နှင့် တအန်းတပ်မတော် နိုဝင်ဘာလ ၁၅ ရက် တိုက်ပွဲ ပြန်လည်ဖြစ်ပွား စာမျက်နှာ-၄
- မြန်မာ့တပ်မတော် လူနေအိမ်နှင့် တိရိစ္ဆာန်မွေးမြူသည့်ခြံမီးရှို့ ဖျက်ဆီးမှုကြောင့် ရွာသားများ ထိတ်လန့် ထွက်ပြေးတိမ်းရှောင် စာမျက်နှာ-၅
- မြန်မာတပ်မတော် နမ့်ဖတ်ကာအခြေစိုက် ခမရ (၁၂၃) တပ်စခန်းမှနေ၍ အကြောင်းမဲ့ လက်နက်ကြီးပစ်ခတ်သောကြောင့် ဒုက္ခသည်စခန်းရှိ လူနေအိမ်အချို့ ထိခိုက်ပျက်ဆီး စာမျက်နှာ-၆

၃။ အင်တာဗျူးကလေး

အသက်မွေးလှုပ်ရှားသည့် အရာရှိလောင်းများအား PSLF/ TNLA ဒု-ဥက္ကဋ္ဌ (၁) နှင့် အဆိုပါသင်တန်းကျောင်းတွင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ရဲဘော်ရဲဘက်အရာရှိလောင်းများ၏ ဂုဏ်ပြုစကားနှင့်ရင်တွင်းစကားသံများ.. စာမျက်နှာ-၇

PSLF/ TNLA ၏ အသက်မွေးလှုပ်ရှားသည့် အရာရှိလောင်းများအား အနယ်နယ်အရပ်ရပ်မှ တအန်းမိဘပြည်သူများ အောက်မေ့ဖွယ်အခမ်းအနား ဂုဏ်ပြုကျင်းပသည့် ပုံရိပ်များ.။ စာမျက်နှာ-၁၀

PSLF/TNLA ၏ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ် တာဘုန်းကျော်မှ RFA ရေဒီယို မေးပါရစေဦး အစီအစဉ်တွင် "NCA (၂) နှစ်ပြည့်မှသည်..." ပါဝင်ဆွေးနွေးမှုနှင့် နိုင်ငံရေးသုံးသပ်ချက်များ... စာမျက်နှာ-၁၁

၅။ ဆောင်းပါးများ စာမျက်နှာ-၁၄

၆။ ကဗျာများ စာမျက်နှာ-၁၇

၇။ လှုပ်ရှားမှု ပုံရိပ်များ

- ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA ၏ တပ်ရင်းတပ်ဖွဲ့အချို့နှင့် တအန်းမိဘပြည်သူတို့ စုပေါင်း၍ လမ်းပြုပြင်ခြင်း လှုပ်ရှားမှု ပုံရိပ်များ..။ စာမျက်နှာ-၁၉
- ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA ၏ ကျန်းမာရေးဌာန၏ နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းလှုပ်ရှားဆောင်ရွက်ချက်များ...။ စာမျက်နှာ-၂၀

အကြံပေးအဖွဲ - အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ် တာဘုန်းကျော်
- တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) ဗိုလ်မှူးကြီး တာအိုမ်တမာဝ်း

အယ်ဒီတာနှင့် တာဝန်ခံများ
အယ်ဒီတာ - ဗိုလ်မှူး တားအိုက်ကျော်
စာစောင်တာဝန်ခံ - မိုင်းအဘန်း (ယာယီ)
ဒီဇိုင်း - မိုင်းအဘန်း
စာစီစာရိုက် - ရုံးအဖွဲ့သားများ

ဌာနအဖွဲ့ဝင်များ- ရုံးအဖွဲ့
သတင်းအရင်းအမြစ် -သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်
Email - pslftnlanews@gmail.com
- pslftnlanewsletter@gmail.com
Web - pslftnla.org
Phone - + 95 09 4931 4951
+ 95 09 3094 7551
+ 86 153 888 20328

ထုတ်ဝေသည့်လ - နိုဝင်ဘာလ
အုပ်ရေ - ၁၀၀၀

အယ်ဒီတာ့အာဘော်

တစ်လသာ ကျန်တော့သည့် NLDအစိုးရ ကြေညာသော ငြိမ်းချမ်းရေးနှစ်လည်း ကုန်ဆုံးတော့မည်။ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အပစ်ရပ်စာချုပ်ချုပ်ဆိုထားသည့် အဖွဲ့အစည်းအချို့ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ ယနေ့တိုင် ကျင်းပနိုင်ခြင်း မရရှိသေးသည်ကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း လိုက်ပါဆောင်ရွက်ရန် စိုင်းပြင်နေသည့် အဖွဲ့အစည်းများအတွက် မေးခွန်းထုတ်စရာများစွာရှိနေပါသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပြည်တွင်း ငြိမ်းချမ်းမှုရရှိရေးသည် အဓိက အရေးကြီးဆုံးလိုအပ်ချက် တစ်ရပ်ဖြစ်သည်ဆိုပါလျှင် အစိုးရသစ်ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ကြီးငယ်မဟူ အထူးဂရုပြု၍ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း တန်းတူပါဝင်ခွင့်ရရှိစေရန် ပိုအလေးထား ဆောင်ရွက်သင့်ပေသည်။

မကြာခင်ကာလတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို အစိုးရက ကျင်းပနိုင်ရန် စီစဉ်ထားရှိသော်လည်း မြန်မာပြည်မြောက်ပိုင်းဒေသတွင် မြန်မာ့တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှု လျော့နည်းလာခြင်းမရှိသည့်အပြင် စစ်သည်အင်အား အလုံးအရင်း ထပ်မံပို့ဆောင်နေဆဲပင်ဖြစ်သည်။

နဝမ အကြိမ်မြောက် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC ရဲ့နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ဆွေးနွေးဖို့ရှိသော်လည်း အစည်းအဝေးကို ရွှေ့ဆိုင်းလိုက်ခြင်းအပေါ် မြန်မာ့တပ်တော်၏ ပယောဂများစွာ ပါဝင်ပတ်သက်နေသည်ဟု သုံးသပ်မိပါသည်။ NCA ၏ နှစ်နှစ်တာကာလနှင့် အနာဂတ်မျှော်မှန်းချက်တွင်လည်း ယောင်ဝါးဝါးဖြစ်နေဆဲပင်ရှိသည်။ တဖက်တွင် မြန်မာ့တပ်မတော်က မြောက်ပိုင်းမဟာမိတ် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ခုနစ်ဖွဲ့အား ငြိမ်းချမ်းရေး ဖြစ်စဉ်အတွင်း တစုတစည်းတည်း ပါဝင်မှုကိုလဲ ငြင်းဆိုထားလျှက်ရှိသည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း အားလုံး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တန်းတူပါဝင်ခွင့် မရရှိသေးသရွေ့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုမှာလဲ တိကျခိုင်မာသော မူဝါဒနှင့် ရှေ့လုပ်ငန်းစဉ် အကောင်ထည် ဖော်ဆောင်ရွက်နိုင်မှု ဖြစ်နိုင်ခြေနည်းပါးလျှက်ရှိနေအုံးမည်။ လက်ရှိ NLD အစိုးရအနေဖြင့် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအတွက် ငြိမ်းချမ်းရေးတံခါး အစဉ်အမြဲ ဖွင့်ထားသည်ဟုဆိုပါလျှင် မြန်မာ့တပ်မတော်၏ အင်အားဖြည့် မြေပြင်ထိုးစစ်ဆင် တိုက်ခိုက်မှုကို မည်ကဲ့သို့ ဟန့်တားထိန်းကျောင်းထားမည်နည်း။

မြန်မာပြည်၏ ပြည်တွင်းငြိမ်းချမ်းရေး အမှန်တကယ်ရရှိလိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မည်သည့်အဖွဲ့ ကြီးငယ်မဟူ ခွဲခြားဆက်ဆံခြင်း ကန့်သတ်ခြင်းမပြုဘဲ လက်တွေ့လုပ်ငန်း ဖြစ်နိုင်သည့်နည်းလမ်းလည်း အစိုးရမှ ရွေးချယ် သင့်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA ၏ "နိုင်ငံရေး၊ စစ်ရေး အရခြေခံမှု" သဘောထား

တပ်ဦးသည် တအန်းလူမျိုးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စာပေနှင့်ယဉ်ကျေးမှု အစရှိသည့် ကဏ္ဍ အသီးသီး တိုးတက်ဖွံ့ဖြိုးရေးအတွက် ဒီမိုကရေစီနည်းလမ်းအတိုင်း အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်သွားမည်။ ထိုသို့ကြိုးပမ်း ဆောင်ရွက်ရာတွင် တအန်းအမျိုးသားထုတရပ်လုံးအတွက်သော်လည်းကောင်း၊ တအန်းဒေသတွင် မှီတင်နေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးပေါင်းစုံအတွက်သော်လည်းကောင်း ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး။တရားမျှတရေးနှင့် အမျိုးသားတန်းတူရေးကို အခြေခံထား၍ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။ ထိုကဲ့သို့အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် ပြည်သူလူထုအား ဖိနှိပ်ချုပ်ချယ်သော အာဏာရှင်ကို အပြီးတိုင်ဖယ်ရှားပြီး အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဒီမိုကရက်တစ်ပြည်ထောင်စုနိုင်ငံထူထောင်ရေး အတွက် တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်သွားမည်။

တအန်းအမျိုးသားတို့၏ စာပေနှင့်ယဉ်ကျေးမှု စီးပွားရေး၊ လူမှုရေး၊ လူမျိုး နယ်မြေအစရှိသည်တို့ကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းမြှင့်တင်နိုင်ရန် ထိုက်သင့်သည့် နယ်မြေအကျယ်အဝန်းရှိသော တအန်းပြည်နယ်ကို ဖွဲ့စည်း ထူထောင်ကြရမည်။ ထိုကဲ့သို့သော တအန်းပြည်နယ်ကို ဖွဲ့စည်းထူထောင်ရာတွင် နယ်မြေချင်း ဆက်စပ်နေထိုင်လျက် ရှိသော အခြားတိုင်းရင်းသားလူမျိုးများ - အထူးသဖြင့် ရှမ်းလူမျိုးများနှင့် နားလည်မှုများမပျက်ပြားစေဘဲ အပြန်အလှန် လေးစားအသိအမှတ်ပြုမှုရှိသည့် နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

တအန်းပြည်နယ်သို့ ထပ်မံထိုးစစ်ဆင်လာသည့် မြန်မာ့တပ်မတော်နှင့် တအန်းတပ်မတော် နိုဝင်ဘာလ ၁၀ ရက် တိုက်ပွဲ ဖြစ်ပွား

၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်

တအန်းပြည်နယ် တပ်မဟာ ၃ နယ်မြေ မန်တုံမြို့ အရှေ့ဖက် ၈ မိုင် မန်တုံ – နမ္မတူ ကားလမ်းမပေါ်တွင် ယနေ့ နံနက် ၀၁း၀၀ နာရီမှ ၀၁း၄၀ နာရီ အချိန်ထိတအန်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် TNLA တပ်ရင်း ၉၉၉ နှင့် မြန်မာ့တပ်မတော် တပ်မ ၇၇ တို့ နှစ်ဖက်ရင်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲတွင် မြန်မာ့တပ်မတော် ဗိုလ်မှူးအပါ ၄ ဦးကျဆုံးကာ ၄ ဦး ဒဏ်ရာရရှိခဲ့သည်။ မြန်မာ့တပ်မတော် စစ်ကားတစ်စီးထိမှန်မီးလောင်သွားခဲ့သည်။ မြန်မာ့တပ်မတော်သည် စစ်ကား ၇ စီးဖြင့် နမ္မတူဖက်မှ မန်တုံမြို့ဖက်သို့ ထပ်မံထိုးစစ်ဆင်လာရာမှ တအန်းတပ်မတော်နှင့် ထိတွေ့ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားရခြင်းဖြစ်သည်။

တအန်းပြည်နယ်သို့ ထပ်မံထိုးစစ်ဆင်လာသည့် မြန်မာ့တပ်မတော်နှင့် တအန်းတပ်မတော် နိုဝင်ဘာလ ၁၅ ရက် တိုက်ပွဲ ပြန်လည်ဖြစ်ပွား

၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်

တအန်းပြည်နယ် တပ်မဟာ (၁) နယ်မြေ နမ္မတူမြို့နယ် မန်အိုင်ရွာအထက်တွင် ယနေ့ ညနေ ၁၅း၀၀ နာရီမှ ၁၅း၃၀ နာရီအချိန်ထိ တအန်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် TNLA တပ်ရင်း (၁၀၁) နှင့် မြန်မာ့တပ်မတော် ခမရ (၅၀၂) တို့ နှစ်ဖက်ရင်ဆိုင် တိုက်ပွဲဖြစ်ပွားခဲ့သည်။

မြန်မာ့တပ်မတော်သည် တအန်းပြည်နယ်သို့နိုဝင်ဘာလ ဒုတိယပတ်တွင် စစ်အင်အားနှင့် လက်နက်ရိက္ခာများ ထပ်မံ ဖြည့်တင်းပြီး နိုဝင်ဘာလ ၁၀ ရက်နေ့တွင် တစ်ကြိမ် နှစ်ဖက် ထိတွေ့ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

ယင်းတိုက်ပွဲ ဖြစ်ပွားရာဒေသတွင် မြန်မာ့တပ်မတော်မှ တောတွင်းအထိ စစ်အင်အား ၁၀၀ ကျော်ဖြင့် ထိုးစစ်ဆင်လာသဖြင့် နှစ်ဖက်ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားရခြင်းဖြစ်သည်။

မြန်မာ့တပ်မတော် လူနေအိမ်နှင့် တိရိစ္ဆာန်မွေးမြူသည့်ခြံမီးရှို့ ဖျက်ဆီးမှုကြောင့် ရွာသားများ ထိတ်လန့် ထွက်ပြေးတိမ်းရှောင်

၂၀၁၇ခုနှစ် နိုဝင်ဘာလ ၈ ရက်

တအန်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ ကွမ်စလန်အုပ်စု၊ ပန်လုံရွာတွင် မြန်မာ့တပ်မတော် တပ်မ(၇၇)တပ်ဖွဲ့မှ နိုဝင်ဘာ (၆) ရက် နေ့ နံနက် (၇း၀၀)နာရီ ဝင်ရောက်လာခဲ့ရာ ကျေးရွာအတွင်းရှိ နေအိမ်များ လိုက်လံစစ်ဆေးခြင်း၊ လက်ကိုင်ဖုန်း(၂)လုံး၊ ဆန်(၅)အိတ်အပြင် နေအိမ်များကို ဖောက်ထွင်းပြီး ငွေကြေးနှင့် အဖိုးတန်းပစ္စည်း စုစုပေါင်းကာလတန်ဖိုးသိန်း (၃၀၀၀၀၀၀)ကျပ်ရှိ ပစ္စည်းများကို အတင်းအဓမ္မယူဆောင်သွားခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် ယင်းကျေးရွာရှိ အမျိုးသား(၃)ဦး အားဖမ်းဆီးရိုက်နှက်စစ်ဆေးခြင်းနှင့် ပန်လုံကျေးရွာအုပ်ချုပ်ရေးမှူး တားအောင်ထွန်း၏ နေအိမ်နှင့်တိရိစ္ဆာန်မွေးမြူရေးခြံများဖျက်ဆီးခြင်း၊ တားကူကုတ်၏ နေအိမ်အားမီးရှို့ ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်။

ဖမ်းဆီးရိုက်နှက်ခြင်းခံရသော ရွာသားသုံးဦး၏ အမည်မှာ (၁) တားကူကုတ်၊ (၂) မိုင်းအပွဲ၊ (၃) မိုင်းရန်အေး တို့ဖြစ်သည်။ ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့ နေ့လယ်ပိုင်း (၁၅း၀၀)နာရီတွင် ရွာသားသုံးဦးမှ ပြန်လည်လွတ်မြောက်လာသော်လည်း ယနေ့ချိန်ထိ ကျေးရွာအုပ်ချုပ်ရေးမှူး ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးပါ။

တပ်မ ၇၇ တပ်ဖွဲ့၏ ရိုက်နှက်စစ်ဆေးမှုခံခဲ့ရသည့် ပြန်လည်လွတ်မြောက်လာသူ ရွာသားသုံးဦးမှာ ငွေကြေးအခက်အခဲရှိသည့်အတွက်ကြောင့် ရရှိသည့်ဒဏ်ရာများကို ကျေးရွာအတွင်းရှိ တိုင်းရင်းဆေးသမားတော်နှင့် ဆေးဝါးကုသမှုခံယူနေရဆဲပင် ဖြစ်သည်။

မြန်မာ့တပ်မတော်သည် ယနေ့အောက်တိုဘာလ (၈) ရက်နေ့ နံနက်ပိုင်း အချိန်တွင် ကွမ်စလန်ရွာမှ လွယ်အန်ရွာသို့ စစ်အင်အား (၁၀၀)ကျော်ဖြင့် ရောက်ရှိမည်ဟု သတင်းရရှိထားသောကြောင့် လွယ်အန်ရွာနေပြည်သူများက ရွာအတွင်း မနေရဲတော့ဘဲ ယနေ့နံနက် (၇း၃၀) နာရီတွင် ကျောက်မဲမြို့သို့ ရွာလုံးကျွတ်နီးပါးထွက်ပြေးတိမ်းရှောင်လာခဲ့ပြီး ၎င်းရွာအတွင်းတွင် သက်ကြီးရွယ်အိုအချို့သာ ကျန်ရှိနေသည်။

မြန်မာ့တပ်မတော် နမ့်ဖတ်ကာအခြေစိုက် ခမရ (၁၂၃) တပ်စခန်းမှနေ၍ အကြောင်းမဲ့ လက်နက်ကြီး ပစ်ခတ်သောကြောင့် ဒုက္ခသည်အစခန်းရှိ လူနေအိမ်အချို့ထိခိုက်ပျက်ဆီး





တအန်းပြည်နယ် ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာအခြေစိုက် မြန်မာ့တပ်မတော် ခမရ (၁၂၃) တပ်စခန်းမှနေ၍ နိုဝင်ဘာလ ၂၃ ရက် ည(၂၀း၃၀) အချိန်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မိုင်းယုလေး ဒုက္ခသည်စခန်းအတွင်းသို့ လက်နက်ကြီး (၃) ကြိမ် ပစ်ခတ်ခဲ့သောကြောင့် နေအိမ် (၅) လုံး ထိမှန်ပျက်ဆီးခဲ့သည်။

လက်နက်ကြီးပစ်ခတ်မှုကြောင့် လူထိမှန်ဒဏ်ရာရှိခြင်းမရှိသော်လည်း အချိန်အခါမဟုတ် မိုးရွာသွန်းနေချိန်ဖြစ်၍ မိုးစိုစိုဖြင့် နေအိမ်ကမ်းပါးယံဘေးတွင် တစ်ညလုံး ပုန်းခိုနေရသည်ဟုသိရသည်။

ယင်းပစ်ခတ်မှုကြောင့် ဒုက္ခသည်စခန်း အတွင်းရှိ ၁။ တားစိန်တ နှင့် ယားအမ်ခေါင် နေအိမ်သွပ်မိုးများပျက်ဆီးခြင်း ၂။ ယာမားလတ်၏ နေအိမ်နှင့် စပါး (၂)အိတ် ပျက်ဆီးခြင်း ၃။ ယာမားညီချာ၏ အိမ်ထရံနှင့် ဘုရားစင် ပျက်ဆီးခြင်း ၄။ ယာမားအောင်၏ နေအိမ်သွပ်မိုးနှင့် စောင်များပျက်ဆီးခြင်း နှင့် ၅။ တားယိုင်ဆာ နေအိမ်ထရံများ ထိမှန်ပျက်ဆီးခဲ့သည်။

ကွတ်ခိုင်မြို့နယ်၊ မိုင်းယုလေးကျေးရွာ ကွက်သစ်ဒုက္ခစခန်းသည် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ် မတ်လ ၆ ရက်နေ့၌မန်ဆွေကျေးရွာ၊ လွယ်ကန်ကျေးရွာ၊ လွယ်စရန်းကျေးရွာ၊ ဝေါငါ;ကျေးရွာနှင့် မန်ပူးကျေးရွာတို့၌ မြန်မာ့တပ်မတော်၏ ဝင်ရောက်ဖမ်းဆီး ရိုက်နှက်စစ်ဆေးခြင်း၊ နေအိမ်နှင့်စပါးကျီများကို မီးရှို့ဖျက်ဆီးသည့်အတွက် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည့် ဒုက္ခသည်စခန်းဖြစ်သည်။ ထိုဒုက္ခသည်စခန်းတွင် အိမ်ထောင်စုပေါင်း (၁၃၈) စု၊ လူဦးရေ စုစုပေါင်း (၆၈၆) ဦးရှိပြီး ယနေ့ အချိန်ထိနေရပ်မပြန် နိုင်သေးသော ဒုက္ခသည် စခန်းတစ်ခုဖြစ်သည်။

နိုဝင်ဘာလ ၂၁ ရက်နေ့တွင်လည်း မြန်မာတပ်မတော်မှ တအန်းပြည်နယ် နမ့်ဆန်မြို့နယ် ပန်စရီကျေးရွာအတွင်းသို့ အကြောင်းမဲ့ လက်နက်ကြီး ပစ်ခတ်ခဲ့သောကြောင့် နေအိမ်တစ်လုံး ထိမှန်ပျက်ဆီးဆုံးရှုံးကာ ကျောင်းဆရာမတစ်ဦး ထိတ်လန့်၍ သတိလစ်ခဲ့သည်။

PSLF/TNLA သတင်းနှင့်ပြန်ကြားရေးဌာန၏ "စာစောင်" အား လစဉ် အသုံးထုတ်ဝေခြင်း ဖြစ်ပါကြောင်း တအောင်းမိဘပြည်သူများအား အသိပေးအပ်ပါသည်။

အသက်ပေးလှူသွားသည့် အရာရှိလောင်းများအား PSLF/ TNLA ဒု-ဥက္ကဋ္ဌ (၁) နှင့် အဆိုပါသင်တန်းကျောင်းတွင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် ရဲဘော်ရဲဘက် အရာရှိလောင်းများ၏ ဂုဏ်ပြုစကားနှင့်ရင်တွင်းစကားသံများ...

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA ဒုဥက္ကဋ္ဌ (၁) တားလျှတ်ကျား

၂၀၁၂ ခုနှစ်မှာ မိမိတို့ရဲ့ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်ကို ပြန်လည်ထူထောင်ခဲ့ပါတယ်။ တအန်းတပ်မတော်ကို စတင်ပြန်လည်ထူထောင်တုန်းက အရာရှိတွေနည်းနေသေးတာပေါ့။ ဒါကြောင့် မဟာမိတ်ဖြစ်တဲ့ ကချင်ညီနောင်တွေကို အကူညီတောင်းပြီးတော့ ပထမတစ်ခါ အရာရှိလောင်း (၄) ယောက် သင်တန်းတက်ရောက်စေခဲ့တယ်။ အဲ့လိုနဲ့ ပထမတစ်သုတ်ပြီးသွားခဲ့တယ်။ နောက်တစ်သုတ်မှာတော့ ကျွန်တော်တို့လဲ (၂၅) ယောက် ထပ်ပို့ခဲ့တယ်။ သင်တန်းစတက်တဲ့ နိဝင်ဘာ (၁၉) ရက်နေ့မှာ မြန်မာတပ်တပ်တွေ လက်နက်ကြီးပစ်လိုက်တဲ့အတွက် မိမိတို့ အရာရှိလောင်း (၁၁) ဦး အသက်ပေးလှူသွားခဲ့တာ လာမည့် ၂၀၁၇ခုနှစ် နိဝင်ဘာ (၁၉) ရက်မှာ သုံးနှစ်တိတိပြည့် မြောက်တော့မှာဖြစ်ပါတယ်

သူတို့တွေအသက်ပေးလှူသွားခဲ့တာကို ကျွန်တော်တို့အနေနဲ့ ဘယ်တော့မှ မေ့ပျောက်မှာမဟုတ်ဘူး။ မနေ့တနေ့ကလိုဘဲ သတိရနေဆဲပါ။ သူတို့တွေအသက်ပေးလှူသွားခဲ့ပေမဲ့ သူတို့ကို သတိရနေရုံ ဝမ်းနည်းနေရုံနဲ့ မပြီးဘူးပေါ့။ ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်သွားရမှာဘဲလေ။ မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းတွေလဲ ပြီးသင့်သလောက် ပြီးခဲ့ပါပြီ။ ယခုချိန်မှာတော့ မိမိတို့တအန်းတပ်မတော်သည်လည်း အင်အားတောင့်တင်းနေပြီဖြစ်ပါတယ်။

တအန်းလူမျိုးများအတွက် အသက်ပေးလှူသွားခဲ့ကြသော အရာရှိလောင်း(၁၁)ဦး သာမက တိုက်ပွဲအတွင်းမှာ အသက်ပေးလှူခဲ့ကြသော တအန်းတပ်မတော်သားများကို မိမိတို့အနေဖြင့် အစဉ်အမြဲသတိရ အောက်မေ့ဂုဏ်ပြုမှတ်တမ်းတင်သွားမှာ ဖြစ်ပါတယ်။ မှာကြားချင်တာကတော့ ကျွန်တော်တို့ တအန်းလူမျိုးတွေအနေနဲ့ ယခုမြန်မာနိုင်ငံမှာ ကျွန်တော်တို့ လူနည်းစုတိုင်းရင်းသား တွေလိုချင်နေတဲ့ ဖက်ဒရယ် ဒီမိုကရေစီကိုလိုချင်ရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တိုင်းပြည်ငြိမ်းချမ်းအောင်ဆိုပြီး မိမိတို့တအန်းသာမက အခြားတိုင်းရင်းသားတွေပါ လက်နက်ကိုင်ပြီးတောင်းဆိုကြတယ် ကျွန်တော်တို့အနေနဲ့ကတော့ စားပွဲမှာထိုင်ဆွေးနွေးပြီးငြိမ်းချမ်းတဲ့ နည်းလမ်းနဲ့သာ မိမိတို့လိုချင်တာကို တောင်းဆိုချင်ပါတယ်။ ဒါပေမဲ့ ယခုချိန်မှာတော့ မြန်မာ့တပ်မတော်က အဲ့လိုမလိုချင်ကြဘူး သူတို့က တိုက်ပွဲကိုဖန်တီးချင်နေကြတယ်။

ဒါကြောင့် တအန်းမိဘပြည်သူလူထုရော တအန်းတပ်မတော်သားတွေပါ မိမိတို့ရည်မှန်းထားတဲ့ ပန်းတိုင် မရောက်ရှိသေးသရွေ့ တအန်းလူမျိုးတစ်ယောက်အနေနဲ့ပါဝင်ပြီး လုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်သွားရမယ်။ ဆင်းရဲဒုက္ခခံပြီး လုပ်ဆောင်သွားရမယ်။ ကိုယ်မလုပ်ရင် ကိုယ့်တအန်းလူမျိုး တိုးတက်ရေးအတွက် ဘယ်သူမှ လာလုပ်ပေးမှာမဟုတ်ဘူး။

ဒါကြောင့်အားတင်းပြီး ဆင်းရဲဒုက္ခခံကာ မိမိတို့ရည်မှန်းထားတာကို ရရှိသည့်အထိ တိုင်းပြည်ငြိမ်းချမ်းသည့်အထိ တအန်းပြည်နယ် ရရှိသည့်အထိ လုပ်ဆောင်းသွားရန် မိမိတို့တအန်းလူမျိုးဖြစ်တဲ့ လူတိုင်းရဲ့တာဝန်ဖြစ်ကြောင်း ပြောကြားလိုပါတယ်...။

ကျနော်နာမည်ကတော့ ရွှန်ဦးဖြစ်ပါတယ်။ ရာထူးကတော့ ဒုဗိုလ်ဖြစ်ပါ။ ကျနော်တာဝန်ထမ်းဆောင်နေတာကတော့ စစ်ရေးအပိုင်းမှာဖြစ်ပါတယ်။

အခုလိုဖြစ်တဲ့နေ့တုန်းက ကျနော်တို့ထမင်းစားပြီးတဲ့ချိန် (၁၂) နာရီခွဲကျော်ကျော်လောက် ကျနော်တို့ လေ့ကျင့်ရေးကွင်းထဲကျနော်တို့တန်းစီနေတဲ့အချိန်မှာ မြန်မာ့စစ်တပ်တွေက ကျနော်တို့ကို လက်နက်ကြီးနဲ့ပစ်တာ ကျနော်တို့ တအန်းက (၁၁) ယောက်၊ ညီနောင် မဟာမိတ်တွေက (၁၂)ယောက် အသက်ပေးလှူခဲ့တယ်။ ကျနော်ကတော့ ခြေထောက်မှာ ဒဏ်ရာရခဲ့ ပါတယ်။ အခုတော့ သက်သာသွားပါပြီ

ကျနော်ရင်ထဲမှာတော့ နိုဝင်ဘာလ (၁၉)ရက် ကိုရောက်လာပြီဆိုရင် ကျနော်သာမက သူတို့ရဲ့မိတ်ဆွေညီအစ်ကိုမောင်နှမတွေတအန်းပြည်သူလူထုတွေအားလုံးအသက်လှူသွားတဲ့အရာရှိလောင်းတွေအတွက်ဝမ်းနည်းမျက်ရည်ကြွမိပါတယ်။သူတို့ဒီလိုအသက်ပေးလှူသွားတာဟာအလကားမဟုတ်ဘဲ တအန်းတစ်မျိုးသားလုံးအတွက် အသက်ပေးလှူသွားတဲ့ သူရဲကောင်းတွေဖြစ်ပါတယ်။ နောက်ပြီးတော့ ကျနော်အနေနဲ့ ယနေ့မှစပြီး နှောင်နှစ်ပေါင်းများစွာလဲ သတိရနေမှာဖြစ်ပါတယ် ။

ကျနော်နာမည်ကတော့ မိုင်းအောင်မြတ် ဖြစ်ပါတယ်။ ရာထူးကတော့ ဒုဗိုလ်ပါ။ အခုတာဝန်ထမ်းဆောင်နေတာကတော့ TNLA ဗိုလ်လောင်းသင်တန်းကျောင်းမှာ ဖြစ်ပါတယ်။

ဒီနိုဝင်ဘာ(၁၉) ရောက်လာပြီဆိုရင် ကျနော်တို့ တအန်းလူမျိုးတွေအတွက် အသက်ပေးလှူသွားခဲ့တဲ့ အရာရှိလောင်းတွေကိုပြန်လည်သတိရမိပါတယ်။ ဝမ်းနည်းစရာကောင်းတာကတော့ သူတို့တွေက တိုက်ပွဲမှာကျဆုံးသွားတာမဟုတ်ဘဲ လုပ်ကြံခံရတာဖြစ်တဲ့အတွက်ကြောင့် ဝမ်းနည်းမိပါတယ်။ တကယ်လို့တိုက်ပွဲဖြစ်လို့ကျတာဆိုရင် ဒီလောက်မဟုတ်ပါဘူး။ အခုဟာကကျနော်တို့ပညာသင်နေတဲ့ချိန်မှာ ဒီလိုဖြစ်သွားတာ အရမ်းခံစားရပါတယ်။ ကျနော်ဆိုရင် အသက်ပေးသွားတဲ့ ရဲဘော်ရဲဘက်တွေရောဒဏ်ရာရှိတဲ့ သူတွေကိုရော သူတို့နဲ့အတူနေခဲ့ရလို့ သူတို့မျက်နှာတွေကို မြင်နေကျဖြစ်တဲ့အတွက်ကြောင့် ဒီနိုဝင်ဘာ(၁၉) ရောက်တိုင်း အစဉ်အမြဲ သတိရနေမှာပါ။

ကျွန်တော်နာမည်က မိုင်းအေမ်းဆင်းဖြစ်ပါတယ်။ ရာထူးကတော့ တပ်ကြပ်ကြီးဖြစ်ပါတယ်။ အခုတာဝန်ထမ်းဆောင်နေတာကတော့ တအန်းတပ်မတော်ရဲ့ စစ်ရေးပိုင်းဆိုင်ရာဖြစ်ပါတယ်။

အဲ့ဒီချိန်က ၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁၉)ရက်နေ့ပေါ့ အဲ့နေ့က ကျွန်တော်တို့ သင်တန်းကျောင်းထဲမှာ လေ့ကျင့်နေတဲ့အချိန်မှာ မြန်မာ့စစ်တပ်တွေ လက်နက်ကြီးတွေနဲ့ပစ်ခဲ့လို့ ကျွန်တော်တို့လူတွေအများကြီး အသက်ပေး ဒဏ်ရာရခဲ့ကြတယ်။ အဲ့ဒီချိန်က ကျွန်တော်လဲ ဒဏ်ရာရခဲ့တယ်။ကျွန်တော်က ခြေထောက်မှာ ထိသွားတာ ခုတော့ သက်သာသွားပါပြီ။ မိုးတအားရွာတဲ့ချိန်တို့မိုးအေးတဲ့အချိန်တွေဆိုရင်တော့ နည်းနည်းနာနေသေးတယ်ပေါ့။

မြန်မာ့တပ်တွေ အဲ့လိုလုပ်လိုက်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ ကျွန်တော်တို့ တအန်းတွေရော အခြားတိုင်းရင်းသားလက်နက်ကိုင်တွေရော ယခုလုပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အခက်ခဲရှိလာတယ် ဘာကြောင့်လဲဆိုတော့ သူတို့ဒီလို လက်နက်ကြီးနဲ့ပစ်လိုက်တဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေလုပ်တဲ့နေရာမှာ ခက်ခဲတယ် မြန်မာစစ်တပ်တွေကို မယုံရဲတော့ဘူးပေါ့။ သူတို့က တောထဲမှာတိုက်ပွဲဖြစ်တာမဟုတ်ဘဲ လေ့ကျင့်ရေးကွင်းမှာ ချောင်းမြောင်းလုပ်ကြံတာဖြစ်တဲ့အတွက်ကြောင့် မကောင်းဘူးပေါ့

အသက်ပေးလှူသွားသော ရဲဘော်ရဲဘက်အရာရှိလောင်း(၁၁)ဦးအတွက် ကျွန်တော်ကတော့ အဲ့ဒီနေ့ကို မမ့ပျောက်နိုင်မှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် သူတို့အဲ့လိုအသက်ပေးလှူသွားခဲ့တာကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရတာမို့လို့ ဘယ်လိုမှမမ့ပြောက်မှာမဟုတ်ဘူး။

ဒါ့အပြင် ကျွန်တော်တို့ အသက်ရှင်ကျန်ခဲ့တဲ့သူတွေလဲ ကြေကွဲဝမ်းနည်းရပါတယ်။ ဘယ်လိုမှမမ့ပျောက်လို့မရဘူး။ အဲ့ဒီနေ့အတွက် သူတို့ရဲ့မိဘတွေနဲ့ထပ်တူကြေကွဲဝမ်းနည်းရပါတယ်။ သူတို့တွေဟာ အလကားအသက်ပေးသွားတာမဟုတ်ဘဲ ကျွန်တော်တို့တအာင်းလူမျိုးတမျိုးသားလုံး ကောင်းစားရေးအတွက် သူတို့ရဲ့ အသက်တွေကို ပေးလှူသွားတာဖြစ်ပါတယ်။

ကျနော်နာမည်ကတော့ မိုင်းအလှူဖြစ်ပါတယ်။ ရာထူးကတော့ ဒုဗိုလ်ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက် နေ့မှာ ကျနော်တို့ (၂၅)ယောက်က ကချင်ပြည်နယ် လိုင်ဇာမြို့မှာ အရာရှိလောင်းသင်တန်းကျောင်း သွားရောက် တက်ခဲ့ပါတယ်။ လေ့ကျင့်ရေးကွင်းထဲမှာ ကျနော်တို့ လေ့ကျင့်နေတဲ့အချိန်မှာ မြန်မာစစ်တပ်က လက်နက်ကြီးတွေနဲ့ ပစ်ခတ်လို့ ကျနော်တို့ရဲ့ ရဲဘော်ရဲဘက် (၁၁)ဦး တအန်းလူမျိုးအတွက် အသက်ပေးလှူ ခဲ့ကြရတယ်။ ဒီလုပ်ရပ်ကို ကျနော်တို့ ဘယ်တော့မမေ့မှာ မဟုတ်သလို ဒီလိုအချိန်ရောက်တိုင်း သူတို့ကို သတိရလွမ်းမိတယ်။

ကျနော်နာမည်ကတော့ မိုင်းအောင်သစ္စာဖြစ်ပါတယ်။ ရာထူးကတော့ ဒုဗိုလ်ဖြစ်ပါတယ်။ လက်ရှိတာဝန်ထမ်းဆောင်နေတာကတော့ လေ့ကျင့်ရေးဌာနမှာပဲဖြစ်ပါတယ်။

အမှတ်တရစကားအနေနဲ့ကတော့ အသက်ပေးလှူသွားခဲ့တဲ့ ရဲဘော်ရဲဘက် အရာရှိလောင်းတွေအတွက် ကျနော်တို့ အသက်ရှင် ကျန်ရစ်ခဲ့တဲ့ လူတွေအနေနဲ့ တအန်းတမျိုးသားလုံး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ငန်းတာဝန်တွေကို ကျေပွန်အောင် ကြိုးစားလုပ်ဆောင်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကျနော်နာမည်က မိုင်းအနောင်ဖြစ်ပါတယ်။ ရာထူးကတော့ ဒုဗိုလ်ဖြစ်ပါတယ်။ လက်ရှိတာဝန်ထမ်းဆောင်တာကတော့ လေ့ကျင့်ရေးဌာနမှာပါ။

ဒီလို နိုဝင်ဘာ (၁၉) ရက်နေ့ရောက်တိုင်း အဲ့ဒီရက်မတိုင်ခင်ကတည်းက ကိုယ့်သူငယ်ချင်းတွေကို အရမ်းသတိရတယ်။

ကိုယ်မျက်မြင်ရှေ့မှာ သူတို့ကျဆုံးသွားတယ်ဆိုတော့ ဒီလရောက်တိုင်းမှာ ကျနော်က သူတို့အတွက် ကောင်းရာသုဂတိလားပါစေလို့ အမြဲဆုတောင်းပေးတယ်။ သူတို့အတွက် အမှတ်တရစကားဆိုတာထက် ဂုဏ်ပြုစကားပြောရမယ်ဆိုရင် သူတို့အလကားကျဆုံးခဲ့တာမဟုတ်ဘူး။ မိမိအမျိုးသားလွတ်မြောက်ရေးအတွက် အသက်ပေးလှူခဲ့တဲ့အလျောက် သူတို့မိဘကလဲ ဒီဖြစ်စဉ်ပေါ်မှာ နားလည်သဘောပေါက်လိမ့်မယ်လို့ ယူဆပါတယ်။ သူတို့က တအန်းသမိုင်းမှာ မြင့်မြတ်တဲ့အာဇာနည်များဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

PSLF/ TNLA ၏ ၂၀၁၄ခုနှစ်၊ နိဝင်ဘာလ (၁၉) ရက်တွင် အသက်ပေးလှူသွားသည့် အရာရှိလောင်းများအား

အနယ်နယ်အရပ်ရပ်မှ တအန်းမိဘပြည်သူများက ၂၀၁၇ခုနှစ်၊ နိဝင်ဘာလ (၁၉) ရက် (၃) နှစ်ပြည့်မြောက်သည့် အောက်မေ့ဖွယ်အခမ်းအနား ဂုဏ်ပြုကျင်းပသည့်ပုံရိပ်များ

PSLF/TNLA ၏ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ် တာဘုန်းကျော်မှ RFA ရေဒီယို မေးပါရစေဦး အစီအစဉ်တွင် "NCA(၂)နှစ်ပြည့်မှသည်..." ပါဝင်ဆွေးနွေးမှုနှင့် နိုင်ငံရေးသုံးသပ်ချက်များ။

မေး ။ ။ အခုကျနော်တို့ ဒီNCA လမ်းကြောင်းအတိုင်း လက်ရှိအစိုးရသစ်က သွားနေတဲ့အခါမှာ သွားနေတဲ့ပုံစံ Trendကို ကျနော်တို့ ဆွေးနွေးနေကြတာဖြစ်ပါတယ်။ ဗိုလ်မှူးချုပ်တာဘုန်းကျော်လည်း ခုနက ဗိုလ်မှူးကြီးခွန်ညက္ကာ ဆွေးနွေးတာကို တစ်ချို့တော်တော်များများ ကြားပါလိမ့်မယ်။ အဲဒီမှာ ကျနော်တို့ ဆွေးနွေးသွားတဲ့အခါမှာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ပေါ့လေ။ The framework for political dialouge ဆိုပြီးတော့မှ ဆိုတော့ ဒီနံပါတ်နှစ်အချက်ပေါ့ ဒီဟာကို သူတို့ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင် ကျနော်တို့ တကယ်လို့များ မြောက်ပိုင်းအဖွဲ့တွေက ပါလာလို့ရှိရင် ပြင်လို့ရအောင်ဆိုတဲ့သဘောမျိုး အသေမထားဘဲနဲ့ ကျနော်တို့ အရှင်သဘောမျိုးထားထားတယ်ဆိုပြီး တော့မှဆိုပြီးတော့ပါပါတယ်။ ဆိုတော့ အဲဒီလိုမျိုး တကယ်လို့ ပြင်လို့ရတယ်ဆိုရင် အဲဒီဟာက ကျနော်တို့ ဒီမြောက်ပိုင်းအဖွဲ့တွေမပါတဲ့ အဓိက အခြေခံအချက်လား။ ဒီNCA အခုသွားနေတဲ့ ပုံစံလမ်းကြောင်းကို ဗိုလ်မှူးချုပ် တာဘုန်းကျော်အနေနဲ့ ဘယ်လိုသုံးသပ်သလဲ။ ကျနော်တို့ မြောက်ပိုင်းအဖွဲ့ လက်မှတ်ထိုးခြင်း၊ မထိုးခြင်းကို ကျနော်ဆိုလိုတာ မဟုတ်သေးဘူး။ အခုသွားနေတဲ့ပုံစံကို ဗိုလ်မှူးချုပ် တာဘုန်းကျော်အနေနဲ့ ဘယ်လိုသုံးသပ်သလဲ။ ဘယ်လိုမြင်သလဲ။

ဖြေ ။ ။ ကျနော်တော်တို့အဓိက မြင်တာကတော့ အခုNCAသွားနေတဲ့ Process ပုံစံအတိုင်းကို ကျနော်တို့အနေနဲ့ မြင်တာက လက်တွေ့တကယ်အပစ်ရပ်စဲနိုင်တဲ့ တကယ်မဖြစ်နိုင်ဘူး။ ပြီးတော့ တကယ့်လက်တွေကျတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေအခြေအနေ မဖြစ်နိုင်ဘူးလို့ ကျနော်တို့ မြင်ပါတယ်။



အခုရှိနေတဲ့ မူဘောင် တွေအရသွားနေမယ်ဆိုရင် ဒီNCAမှာရှိနေတဲ့ မူဘောင်ရဲ့ အားနည်းချက်လည်းပါမယ်။ ပြီးတော့ အခုတက်လာတဲ့ NLDဦးဆောင်တဲ့အစိုးရရဲ့ ငြိမ်းချမ်းရေးအပေါ်မှာ တိကျရှင်းလင်းတဲ့ လုပ်ငန်းစဉ်မရှိတဲ့ဟာရယ် မူမရှိတဲ့ဟာရယ် အဲ့ဒီဟာတွေကို ပေါင်းလိုက်ခြင်းအားဖြင့် ကျွန်တော်ထင်တာက အခုဒီလိုပဲ တိကျတဲ့အဖြေထွက်နိုင်တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေ ကျနော် တော်တို့အခုငြိမ်းချမ်းရေးညီလာခံတာ လုပ်နေတာ ကျနော်တော်တို့တကယ်လိုချင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ မရောက်နိုင်ဘူး ဒီလိုပဲအချိန်ကုန်နေရတယ်လို့ မြင်ပါတယ်။ အခုမူဘောင်က တကယ်အလုပ်မဖြစ်နိုင်ဘူး လို့ပဲမြင်ပါတယ်။ သုံးသပ်ပါတယ်။

မေး ။ ။ သူပြောတာတော့ အရင်တုန်းကတော့ ကန့်ထားတယ်ပေါ့လေ။ ကျနော်တို့ အခု အခြေအနေမှာဆိုရင် ဝိုလ်မှူးချုပ်တာဘုန်းကျော်တို့အဖွဲ့ရယ်၊ AAရယ်၊ ကိုးကန့်ရယ် အဲ့အဖွဲ့ တွေအားလုံးပါလာအောင် ဆိုလို့ရှိရင် NCA ကိုလက်မှတ်ထိုးအောင်ဆိုရင် ဘယ်လိုလုပ်ရင် အဆင်ပြေမလဲဆိုပြီးမေးထားတယ်။

ဖြေ ။ ။ ကျနော်တို့ မြင်တာကတော့ တကယ်လက်တွေ့ကျနိုင်တဲ့ အပစ်အခတ်ရပ်စဲရေး အခြေအနေတစ်ခု ကျနော်တို့ ဖန်တီးဖို့လိုတယ်လို့ ကျနော်တို့မြင်ပါတယ်။ လက်တွေ့ကျနိုင်တဲ့ အပစ်အခတ်ရပ်စဲရေး စာချုပ်ဆိုတာကတော့ ကျနော်တို့နယ်မြေတွေ ဘယ်လိုခွဲခြားသတ်မှတ်မလဲ၊ သတ်မှတ်ထားတဲ့ အပစ်ခတ်ရပ်စဲရေးနယ်မြေတွေ နဲ့ပတ်သက်ပြီး အငြင်းပွားမှုဖြစ်လာပြီဆိုရင် နှစ်ဖက်တိုက်ပွဲတွေဖြစ်လာမယ်ဆိုရင် ဘယ်သူက ကြားဝင်ဖြေရှင်းပေးမလဲ၊ အဲ့ဒီကြားဝင်ဖြေရှင်းမယ့်အပိုင်းမှာ အခုလက်ရှိရှိနေတဲ့ NCAမှာရှိတဲ့ ဆွေးနွေး ညှိနှိုင်းလို့ မပြေလည်တဲ့ အချက်တွေရှိပါတယ်။ အခုUNFCကလည်း ဒါကို ဆက်လက်ပြီး ညှိနှိုင်းနေတယ်၊ ယခုနိုင်ငံတကာကရော ပါဝင်နိုင်တဲ့ Monitoring အဖွဲ့ပေါ့။ မြန်မာ့တပ်မတော်က လက်မခံထားပါဘူး။ ဒါကြောင့်မို့လို့လဲ အခုဖြစ်လာတဲ့ ပြဿနာက NCA လက်မှတ်ရေးထိုးထားပြီးသားအဖွဲ့မှာရော မထိုးတဲ့အဖွဲ့မှာရော ပြဿနာဖြစ်လာပြီဆိုရင် ဘယ်မှာသွား အဆုံးသတ်မလဲ၊ ဘယ်သူက ကြားဝင်ပေးမလဲ၊ ပြဿနာဘယ်လိုရှင်းမလဲဆိုတာ တော်တော်ခက်ပါတယ်၊ အထူးသဖြင့် ကျနော်တို့လိုအဖွဲ့အစည်းတွေ SSPPတွေရော ကချင်တွေရော အခုတိုက်ပွဲဖြစ်နေတဲ့ အဖွဲ့တွေက ဒီNCA ကို ထိုးလို့မရတာ အဲ့ဒါတွေလဲပါပါတယ်။ကျနော်တို့ တကယ်လို့ ပြဿနာဖြစ်မယ်ဆိုရင် အပြီးသတ်ဆုံဖြတ်ပေးမယ့်သူက မြန်မာအစိုးရ မြန်မာစစ်ခေါင်းဆောင်တွေဦးဆောင်ထားတဲ့ ကော်မတီတွေဖြစ်နေတယ်ဆိုတော့ ကျနော်တို့ ဘယ်လိုလုပ် ယုံကြည်လို့ရမလဲ။ ဒါဆိုရင် ပြဿနာတွေက ဘယ်လိုနည်းနဲ့မှ ငြိမ်းနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့်မို့ တကယ်အခုရှိနေတဲ့ NCAကလဲ လက်တွေ့မကျတဲ့အတွက် NCA တစ်ခုဖြစ်နေတယ်၊ အပစ်ခတ်ရပ်စဲရေး မလုပ်နိုင်ဘူး၊ အဲ့ဒါက အပစ်ခတ်ရပ်စဲမှုအပိုင်းပေါ့။

အပစ်ခတ်ရပ်စဲရေးက ဆွေးနွေးလို့မပြေလည်ဘူးဆိုလို့ရှိရင် နိုင်ငံရေးFramework ဆွေးနွေးမှုလာမည့်အပိုင်းမှာလည်း ပြဿနာတွေ အများကြီးရှိလာနိုင်တယ်လို့ ကျနော်တို့မြင်ပါတယ်။ အဓိက Frameworkကို သွားတဲ့အချိန်မှာတော့ မြန်မာ့တပ်မတော်ရဲ့ ငြိမ်းချမ်းရေး အခြေခံမူ(၆)ရပ်နဲ့ မြန်မာ့တပ်မတော်ရဲ့ထားတဲ့ သဘောထားက အများကြီးမူတည်တယ်လို့ ကျနော်တို့မြင်ပါတယ်။ အဲ့ဒါကို မြန်မာ့တပ်မတော်က တရားသေကိုင်စွဲထားမယ်ဆိုရင်တော့ ကျနော်ထင်တယ် အထူးသဖြင့် ကျနော်တို့ မြောက်ပိုင်းမဟာမိတ်အဖွဲ့တွေက လက်မှတ်ထိုးဖို့ တော်တော်လေးကို အကန့်သတ်ထားခြင်းခံရတယ်လို့ မြင်ပါတယ်။ အဓိကကတော့ မြန်မာ့တပ်မတော်က ကျနော်တို့သုံးဖွဲ့ လက်မှတ်မရေးထိုးနိုင်ဖို့ ကန့်သတ်ထားတဲ့ မူပေါ်လစီလို့ပဲမြင်ပါတယ်။ အဲ့တာကြောင့်လဲ ကျနော်တို့ ရှေ့ဆက်သွားမယ့် နိုင်ငံရေးတွေ့ ဆုံဆွေးနွေးမှုလမ်းကြောင်းက အားလုံးပါဝင်ရေးမဖြစ်နေဘူးဆိုရင်တော့ အခုဒီလိုပဲ ကျနော်တို့ တဖက်သတ်သွားနေတဲ့ နိုင်ငံရေး မူဘောင်နဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေပဲ ဖြစ်နေတယ်။ အဲဒီတော့ နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်ဖို့ တော်တော်အခက်ခဲရှိနေတုန်း အနေအထားမှာပဲ ရှိနေသေးတယ်လို့မြင်ပါတယ်။

မေး ။ ။ ယေဘုယျအားဖြင့် ဒီအခု သွားနေတဲ့ (၂၁)ပင်လုံမှသည် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုသို့ ဆိုတဲ့ လုပ်ငန်းစဉ် အဆင့်တိုင်းပေါ့လေ ဆိုတော့ တက်တုပ်ရိုက်နေသလိုမျိုးများ ဖြစ်နေလား။ ဘယ်လိုသုံးသပ်လဲ ခင်ဗျ။

ဖြေ ။ ။ ဟုတ်ကဲ့ပါ။ ကျနော်တို့မြင်တဲ့အမြင်ကတော့ တက်တုပ်ရိုက်တယ်လို့တော့ ပြောလိုရပါတယ်။ ဒါပေမယ့် ပြန်ကြည့်မယ်ဆိုရင် ဒါတွေက တကယ့်ကျနော်တို့ ပြည်ထောင်စုတည်ဆောက်ဖို့အတွက် တကယ့်ကိုအရေးကြီးတဲ့ အချက်အလက်တွေ မပါသေး ဘူးလို့မြင်ပါတယ်။ ဘာဖြစ်လို့ မပါနိုင်သေးသလဲဆိုတာတော့ အခုသွားနေတဲ့ စောစောတုန်းက ကျနော်ပြောတဲ့ အားလုံးပါဝင်ပတ်သက်နိုင်တဲ့အခင်းအကျင်းလည်း မဖြစ်ဘူး လုပ်ဆောင်တဲ့အချိန်မှာ ပြီးတော့ ဆွေးနွေးတဲ့အချိန်မှာ တချို့ ကန့်သတ်လေး တွေ ကျနော်တို့လည်း အားလုံးလည်းကြားနေရပါတယ်။ ဖျက်ထုတ်စရာတွေ အများကြီးရှိနေပါတယ်။ ဒါကြောင့်မို့ တကယ် လက်တွေ့ကျနိုင်တဲ့ အပိုင်းတွေ မဖြစ်ဘူးလို့တော့ မြင်ပါတယ်။ အခုရလာတဲ့ အချက် (၃၇) ချက်တောင်မှ အငြင်းအခုံတွေ တော်တော်ဖြစ်ကြတယ်လို့ ကျနော်တို့တွေ့ရတယ်လေ။ ဒီဥစ္စာသာ တကယ်လက်တွေ့ အကောင်ထည် ဖော်ဖို့လည်း တော်တော်ကြီး အခက်အခဲရှိမယ်လို့ မြင်ပါတယ်။ ဆိုတော့ တော်တော်ကြီးကို အခုလုပ်နေတဲ့ ဒီ(၂၁)ရာစု ညီလာခံက ကျနော်တို့ သုံးသပ်တာကတော့ ဟိုအရင်တုန်းက နဝတ၊ နအဖလက်ထက်တုန်းက ဒီအမျိုးသား ညီလာခံနဲ့ သိပ်မကွာတဲ့ အချိန်ဆွဲတဲ့ ဗျူဟာ တစ်ခုပဲလားလို့ ကျနော်တို့သုံးသပ်မိပါတယ်။

မေး ။ ။ ဗိုလ်မှူးချုပ်တာဘုန်းကျော် ဘယ်လိုသုံးသပ်လဲခင်ဗျ။ အတိုချုပ်ပြီးတော့ သုံးသပ်ပေးပါ။ အလားအလာ။

ဖြေ ။ ။ ဟုတ်ကဲ့။ ကျနော်တို့ မြင်တာကတော့ တကယ်ကောင်းမွန်တဲ့ အလားအလာဖြစ်ဖို့ ကျနော်တို့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေကော ကျန်တဲ့အစုအဖွဲ့တွေအားလုံးက မျှော်လင့်ကြမယ်လို့ မြင်ပါတယ်။ ဒီမြန်မာနိုင်ငံက ပြည်သူတွေအားလုံး မျှော်လင့်နေကြ တယ်။ ကျနော်တို့အားလုံးလည်း ဒီလိုပဲမျှော်လင့်ပါတယ်။တကယ် စစ်မှန်တဲ့ပြည်ထောင်စုတည်ဆောက်ဖို့နဲ့ အခု ဒေါ်အောင်ဆန်းစု ကြည်တို့ ဦးဆောင်တဲ့ (၂၁)ရာစု ပင်လုံညီလာခံက တကယ်ကောင်း မွန်တဲ့ အဖြေတွေထွက်စေချင်ပါတယ်။ ဒါကြောင့်မို့ အဲ့လိုထွက်လာဖို့ဆိုရင်တော့ အခုသွားနေတဲ့နှုန်းနဲ့ အခင်းအကျင်းနဲ့ဆို တော်တော်ခက်တဲ့အနေအထားဖြစ် တယ်လို့ ကျနော်မြင်ပါတယ်။

ပထမဦးဆုံး မြန်မာ့တပ်မတော်ရဲ့နိုင်ငံရေး ပြုပြင်ပြောင်းလဲချင်တဲ့ စိတ်ဆန္ဒတွေ အမှန်အကန်တကယ်ပြောင်းလဲဖို့လိုတယ်လို့ ကျနော်မြင်တယ်။ ပြီးတော့ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အစိုးရအနေနဲ့လည်း တကယ်ကို လူထုအတွက် တိုင်းရင်းသားလူထုတွေအတွက် ရဲရဲဝံ့ဝံ့ ဦးဆောင်ပြီးလုပ်ဖို့ လုပ်ငန်းအခင်းအကျင်းတွေ ဖန်တီးဖို့လိုတယ်။ ဦးဆောင်ပေးဖို့လိုတယ်လို့ ကျနော်မြင်တယ်။ တကယ်လို့ကျနော်တို့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေ ဒီအစီအစဉ်ထဲမှာပါဖို့ အားလုံးပါဝင်ဖို့ စိတ်ပါဝင်စားတယ်၊ စိတ်အားထက်သန်တယ်။ နည်းလမ်းတွေ ရှာကြတယ်။ အားလုံးလည်း ပါဝင်ချင်တဲ့ စိတ်ဆန္ဒတွေရှိတယ်။ ပြီးတော့ပြည်ထောင်စုနိုင်ငံတည်ဆောက်ဖို့ဆိုတဲ့ဟာနဲ့ ကျနော်တို့မှာခိုင်မာရည်မှန်း ချက်ထားရှိပြီးသားဖြစ်တယ်။

ဒါကြောင့်မို့ အဲ့တာတွေပြင်နိုင်မှသာလျှင် တကယ်ဒီအခုသွားနေတဲ့ အခင်းအကျင်းက အောင်မြင်နိုင်မယ့် အခင်းအကျင်းဖြစ်မယ်လို့တော့ မြင်ပါတယ်။ မဟုတ်ဘူးဆိုရင်တော့ ကျနော်ထင်ပါတယ် ကျနော်တို့တွေ ဒီလိုပဲ အချိန်တွေ ထပ်ကုန်ဦးမယ်။ အခုဆိုရင် မြန်မာ့တပ်မတော်က မွေးတဲ့မီးဆိုတော့ ကျနော်တို့ မြောက်ပိုင်းမဟာမိတ်ဖက်မှာရော ကျနော့်ဖက်မှာရော စစ်ရေးတွေက တော်တော်ပြင်နေပါပြီ။ မကြာခင်မှာ တိုက်ပွဲတွေ ပိုပြင်းလာမယ့်အနေအထား ရှိနေပါတယ်။

ကဇောည်တိုင်;မေန်းကတာည်းအယ်
တအာင်း

ကူတဲမ်= မည်းအေမ်ဆငါး

ခေင်ကိုင်းအယ်တအာင်းနိန်း ခြိုင်းအယ်တအာင်းဂိုန်းအူန်း မာ်မိုး;လိုည်အာဝ်မေ; အီနံင်တိုဝ်;မေန်းခြိုင်းအယ် မျိုးအယ်အန့် ဘျာ်ည်, ဂေါ,မိုး;ဘာည်းဇေန့် ပံင်အာန်းအယ် ပံင်ဆိင် ဘိုန်းအယ် စီလှာ်နး၊ ထိုင်း။ ဂေါ,ဆီမိုး; အယ်အာဝ်လည်ကရောမ် အယ်အာဝ် ဆိင်တေ;ကနေ;ခြိုင်းအယ် နံင်ကံပ်ဟိုက်ဇား၊ နံင်ကံပ်ကတာ;ဟာဝ်းခေင်းကတာည်းဒါင်းနီးအော်။ အယ်တအာင်းနိန်း....။

ခေင်ခြိုင်းမျိုး မွန်ခမာ(အိုည်း)မျိုးနိန်း ခြိုင်းအယ်တအာင်း ဆိင်ဇော;ဇေမ်း ဆိင်ဂိုဝ်ငါည်းဒဲ;အခည်းအော်။ ဂေါ,မိုး;ခြိုင်းအယ် တအာင်း ဂိုဝ်ငါည်းဒဲ; ဇော;ဇေမ်းချေမ်ခြိုင်းအီး တော်စံင်နည်စီ ဂိုဝ်မေ;လာ့်ရေန် ဇိုင်ခြိုင်း ခေင်ကတာည်းအယ်တအာင်းအော်။ ခေင်ကိုင်းအယ်တအာင်းနိန်း စာနံင်ဖိုက်ဇားခြိုင်း အယ်စီဂိုည်လို ကရောမ်တော်နးချေ;အော်။ ပံင်နံင်ဆာင်လာင်းအံဝ်မိုး;(က)စူမ်အီ ရေန်ဇိုင်ခြိုင်း၊ (ခ) လော်င်ဘေ,ဘာ်နး ကာည်းထုင်မှေမ်၊(ဂ)ရံန်ဆူ (ဘံဝ်ရာန်း)ကတာည်းအယ်တအာင်းအော်။

(က) စူမ်းအီရေန်ဇိုင့်ခြိုင်း

ခေင်းကတာည်းအယ်တအာင်းစူမ်းအီရေန်ဇိုင် ခြိုင်းတေ,ကနေ;ခြိုင်းအယ်မာ်မေ;အူန်း ဂိုန်းအူန်းအော်။ကဲမိုး; အီရေန်ဇိုင့်ခြိုင်းနိန်း တံပ်အွံရ်ပုန်လောတ်ကပိုန်တအာင်း/တံပ်နာန်းပုန်လောတ်ခြိုင်းတအာင်း(PSLF/TNLA)၊ စူမ်းထုင်မှေမ်းကာည်းဘေ,ဘာ်နး၊ ဖုင်ကော်နးအီပေန်း (TWO)၊ဖုင်ကော်နးတဘိုက်ကာည် ကော်နးကျောင်း(စော်င်း)တအာင်း(TSYU)၊ ပါတီခြိုင်းတအာင်း(TNP)၊ စူမ်းစံဝ်ယဟာန်းဆံခါ။ ဒါ;ခိုး ဇေန့်စူမ်းကော်နးတဘိုက် ကဲအီရေန်ခေင်လှံင်းတော်နးလှံင်း၊ ကဲအီဂေါ်ည်းကတဲဝ်ခေင်ကိုင်းအီးဟည်းကာည်း ကဲအီရေန့်ဇိုင့်ခေင်အိုင် ဇူ;အိုင်ပါန်းမာ် ရေန်အူန်းစာ ခြိုင်းစာမျိုး စာနံင်ဟိုက်ဇား စာနံင်ကတားဟာဝ်း ထာန်ဘယ်ထာန်ဆမားကဲအော်။ ခေင်စူမ် တံပ်နာန်းနီး ပံင်ဒါးကဲတာ်တိုအီးမာ် ခေင်စူမ်အီဟည်,ဂိုန်း ဘွော်မ်းအူန်းအော်။ ဘာည်းနံင်တိုဝ်; မေန်းကော်နးဆိုက်ကော်နးနာန်း ပံင်လိုတာ့်ဒါး ပံင်လို တာ်ဟိုမ်းဟာ,မာ် ကီန်းကီန်းဒည်းဒည်း တော်နးဆငည်း ကဇောည်ဟာဝ်း၊ ပနိုက်ဟာဝ်းတံပ်နာန်းအယ် နံင်ကတာ်နးနံင်ဘွော်မ်းအော်။ ခေင်တံပ်နာန်းအယ်တအာင်းမာ် ကော်နးဆိုက်ကော်နးနာန်းအယ် ဂိုန်းဒေ; ဘွော်မ်းဒေ; ပံင်ဟိုမ်းပံင်ဟာ, ပံင်လိုတာ်ဒါး တိုဝ်;မေန်း ကတာည်း အယ် ဂျိုင်းပံင်နံင်ဒါးမာ် ဆာအယ်တဂေန်တိုဝ်; အူပကျိုင်း ရှိန်းဆဲင် ထာန်မှယ်အဒို့ ထာန်မှယ်အဒို့တိုအီးမာ် ဆာ်အယ်ဝီးတိုဝ်; ကဟာဝ်းဒါင်း အူန်းအော်။ မိုး;လိုည် ကော်နးတအာင်းမံင်ချေ;အာဝ်နာ်,မ လိုကဇောည် နာ်,လိုည်ပံင်ဖျာင်း ကလာင်းအီဘူပေန်မာ် နော;ဆဲဝ်အူန်း တိုအီး စာကဒီန်းအော်။

ဘာည်းကဲအီမိုး;တိုအီး အီဂေါ်ည်ခေင်အိုင်ဇူ; အိုင်ပါန်းမာ် လိုနာ်, မိုး;စာခြိုင်းအယ်မျိုးအယ် ကဲရေန်ဟာဝ်း ဖိုက်တခိုည်းဟာဝ်း အော်။ ခေင်တံပ်နာန်းကဲမာ် အာဝ်ဝါန်းလိုည် တိုက်ရံန်ဆူဒါင်းခေင်ကိုင်း တအာင်းနိန်းကဲမာ်ရေန်ဟာဝ်းဘိုးခေင်အိုင်ဇူ;အိုင်ပါန်းထာန်ဘြောင်ချာင် ကဲထာန်စာ်မ်း တံပ်ဆိုက်ကဲမာ် ပွေ;အူန်းတိုင်ခေါခါ, အော်အီဒီန်းမာ် မိုး;လိုည် ကနာည်းတိုအီးရံဝ်း ကဲနံင်ခေါခါ,ကဲပေန် ထာန်ဘယ် ထာန်ဆမားကဲ ရေန်ဟာဝ်းအူန်းအော်။ ဒခိုဝ်းဇေန့်တိုဝ်;မေန်းဘိုးစာနံင် ပေန်တာ့်ခြိုင်းအယ် မျိုးအယ် ရေန်ဟာဝ်းအူန်းအော်။ ဆံမ်ရေန်ထိဝ်း ထာန်မှဲ့မယ်အန့်အီမိုး; ကူန်းမိုင်းအယ်တအာင်း လိုနာ်စာ်မ် တံပ်နာန်း အယ်မိုး;ကနာည်အယ်တအာင်း မံင်ချေ;မာ် ပံင်ဖျာင်း ပံင်ကလာင်းဖာ့် တံပ်နာန်းတအာင်း အာဝ်ပေန်အာဝ်ပဲန်းအော်။

မံင်ချေ;မာ် နာ်ဖါ့်ဂိုည်ကလာင်း အီဘူပေန်အီဘူပဲန်ကနာည်း စာခြိုင်းစီအာဝ်မေ;နော;ဆိင်ရေန် ဆိင်ကဇောည်, နာ်,လိုည်ပံင်ဖျာင်း ဆေဆေအော်။ ကဲအမိုး;ကော်နးတဘိုက်ကာည်း ကောန်းကျောင်း (စော်င်း)တအာင်းကာည် စူမ်ကော်နး အီပေန်းမာ် ရေန်အူန်းခေင်ကိုင်း အယ်တအာင်းမာ်ရေန့်အူန်းထာန်ဘယ် ထာန်ဆမား ဘာည်းကဲမာ်ပံ င်ရေန်ပံင်အာန်းအယ်တအာင်း ကဇောည်နော;ကဇောည်,ဖေမ်းရေန်ဟာ ဝ်းအူန်းအော်။ စာနံင်ချဲတ်ပိုန်အယ်တအာင်း အဝါန်းလိုည် စူမ်းကဲအီနိန်း ဘာည်းအနေ ကူန်ရံဝ်မာဂါင် အယ်တအာင်းကဲမာ် အာဝ်ဒါ်;မအော်.. ကဲအီပနံဝ်းဒဲ;တာ်အယ် မျိုးပိင်ဌာနိန်း ကဲခလာက်မာ် အာဝ်နာ်, ဂိုည်ယလိုည်ဖါ့် ဂေါ်ည်းခေင်အာ်,အော်။

စူမ်းကဲအီရေန် လော်င်ပိင်ဂျာ လော်င်ဘေ,ဘာ်နးကာည်ထုင်မှေမ်းမာ် ဂိုည်ရေန် ဟာင်းအော်။ မိ;လိုည်ဘေ,အယ်တအာင်း ညျှံမ်ဘယ်မလာ့် ရေန်လေ;ဘေ,အယ် နံင်ပေန်အူမျိုးအော်။

ခြိုင်းအူမျိုး ဆာအာင်မေ;ဘေ ဆာ်အာင်မေ;အီထိင့် ဆာ်အာင်မေ;အီနံင်တေ;ဇိုင့်အန့် ခြိုင်းမျိုးဒီန်း အာင်ဆမားဟိုက်ဇားဟာင်မ အော်။ ဂေါ,မိ;ဘာည်းဇဲန့် ကော်နးတအာင်းတော်နးချေ; ဇိအယ်စာတ်အယ် လိုကဇောည်,ဘွော်မ်း ကဇောည်,ဖေမ်းလို ရေန်ဇိုင်ခြိုင်းအော်။ ခေင်ခနားအယ် တအာင်းဆာ်အယ်ဘူလည် ကလာင်းအယ်ဒါး စာနံင်ပေန်တာ့်အယ် ဆာ်အယ်ဘူယာည်, ရေန်ဇိုင်ခြိုင်း မည်းပေန်လိုည် ဒါးတိုအီး စာတ်နီးမာ်နံင်ပံင်ချိမ်းလိုည်းအော်။

(ခ) ဘေ,ဘာ်နးကာည်ထုင်မှေမ်း

ခြိုင်းအယ်တအာင်းနီန်း မိ;အူန်းခြိုင်းမျိုးဒါင်းအူမျိုး မိ;လိုည်ခြိုင်း အယ်တအာင်းနီန်း တော်စံင်နည်ညျှံမ်မေ;ကျော; ဘုင်အော်။ ဒခိုင်းဇဲန့် ခနားအယ်လည်ကျော;လည်ကွာင်းလိုည် အယ်ဒါးမာ်အာင် လိုည်ကချေပ် ဂေါ,အယ်ဂိုည်မေ;အီခံန်အယ် ဘေ,အယ်မာ် ဟည်ဆိင်ယာ်,ကမာ်; ဟည်ဆိင်တကွာ်;ဟာင်းအော်။ ခေင်အယ်တအာင်းနီန်း ခြိုင်းရူမည်းမာ်ဒါ်;ဘေ,ယေးအန် ကုမ်ဒါး ခြိုင်းဆာမ်လုံမာ်ဒါ်; ဘေယေးအန့်ကုမ်ဒါး ခနားအယ်မာ် ဂိုည်ပေန်ဖ့်လည်ကထဲင်း တော,ကံပ် စာ်မ်းဆငည်းအိုင်ဒီ;နီန်းအော်။ ဂေါ,ခနားအယ်ဂိုည်မေ; ဂိုည်ကဟာင်းဘာည်းဇဲန့် ကော်နးအယ်တအာင်းမာ် ဆာ်ဟာင်းကဒည်အီ ပေန်ဖ့်ပံင်ဂိုည်ဆဲ့အီး ခနားအီးမာ် ဘူယနဲ့ငည်း ဂိုည်ပေန်ဖ့်ပံင်ဆာည်းခြိုင်းအော်။ ဟာင်းတိုင်;တအာင်း ညာကလော၊ မိုင်ကိုင်း ညာဒီန်းမှာ ယေးဘူယမဒါး ဘေ,ညာ ဝါဝါည်းအယ်တအာင်း ညာနံမ်ခမ်း ကဲမာ်ဂိုည်ယလိုည်ဒါး ဘေ,ယွံန်း ဂေါ,အယ်တအာင်း အာင်လည် ကဖရာ်မ်း အယ်အာင်တဂိုန်းဒိုင့်စာကော်နး ဒေ;ယာ်ည်,ဘာ်နး အယ်တအာင်း ဝါးနီးယံင်းခည်း ဘေ,အယ် ဘူဝါန်း ခနားအယ်မာ် ယံင်းခည်းနံင်ကဂည်းအော်။

"ဆာ်အယ်တိုင်;ခြိုင်းမျိုး ဘေ,အီးစီထာင်ဒါင်း ဘေ,အယ်တအာင်းစီပံင်ယာ်, ဝါးနီန်းယံင်းခည်း မည်းပံင်ပယာ်,ဝိုန်ဒို့" ဘေအယ် စီဒါး ဒီမှယ်အယ်နံင်ဒါး ဘိုန်လှာဘေ,စီ ကမာ်;ကကာ်; ခညျာန်းဒါ်;အီး မျိုးအာင်ပေန်ဘေ,ဒါ်;အီး။ ဒါ်;ခူဇဲန့် ဘေ,တအာင်း အယ်အာင်ဝါန်း ပိင်ဂျာမျိုးမှဲ့မာ် အယ်တအာင်း လိုတေ;နော;တေ;ဖေမ်း လိုကျိုးကျားခည်း ခနားအယ်တအာင်း စာနံင်ဖိုက် ဒါင်းခြိုင်းအယ်အော်။ တေင်ကံမ် ဖာနီန်း မျိုးတိုအီးဒါ်;အီး ဆာ်အယ်အာင်နာ်,ပိင်ဂျာ အူမျိုးမျိုး အယ်နံင်ပေန်ဖ့် ဂျိုင်းပံင်ဒါးအီး ပံင်ဆူည်,အီး ပေန်ပံင်ညေ,အီး အိုည်စီဒါ်;အယ် တအာင်းမာ် ခူဒဲ;လာ်အီ လီလာဘာည်းတာ့်အယ်ခူဒဲ;လာ့် အယ်ဂေါ်ည်းချိမ့် ကံပ်ဘယ်အူန်း ခေင်းနော;အော်။

ခြိုင်းရူမည်းမာ်ဒါ်; ဘေ,ယေးအန်ကုမ်ဒါး ခြိုင်းဆာမ်လုံမာ်ဒါ်; ဘေယေးအန့်ကုမ်ဒါး ...ခနားအယ်မာ် ဂိုည်ပေန်ဖ့်လည်ကထဲင်း...

(ဂ) ရံန်ဆူဒါင်းဘံဝ်ရာန်းအယ်

(၁)။ မျိုးအီးအာင်ဆိင်ဒဲ;အဲဟိုက်ဇား

ခေင်ကတာည်း အယ်တအာင်း ပံင်အာန်းပံင်လိုအယ် တာ့်ဘိုန်းမာ် ဆိင်ခည်တလည်းအာည်း နီးရီန်းဒေ;အူန်းကျိုးကျားဒေ; အူန်းမာ် အာင်ဘာည်းဒါ်; ထာန်အာန်းခြိုင်းအယ် ဘည်ဘာည်းစာ်မ်ဇဲန့်မာ် စံင်နည်နီန်း တံပ်နာန်းအယ်တအာင်းမာ်ဂါအာင် ဘိုန်းကိုင်း အယ်တအာင်း ကျိုးကျားမှာန်းယာင်းအော်။ ခြိုင်းအယ်တအာင်း ဘူဒါ်;စူမ်းအီဂေါ်ည်းခေင်ကိုင်း အီရေန်ဇိုင့်ခြိုင်း အယ်တအာင်း၊ဘူဒါ်; တံပ်နာန်းအယ် ယံမ်းဂိုည်ရေန်အယ်တာ့်ဇိုင့်ခြိုင်းနီန်း ဂိုည်မေ;အီလာလီဘာည်း တာ့်အယ်၊ မေ;အီဂိုည်ချဲအယ် မေ;အီအာင်ဆိင်ဒဲ; အယ်ဘိုန်းကတာည်းအယ်တအာင်းဂိုန်းခည်းအော်။အယ်တအာင်းအယ်ဂေါ်ည်းခနားချွေမ်း(ဆျှေမ်) အယ်ဂေါ်ည်း ခနားခါင်း အယ်တအာင်း ဘည်ဘျာင်း ထာန်မှဲ့မာ် ခြိုင်းအီးမိ;ခြိုင်းဒါင်း ဒခိုင်းဇဲန့် အီးနာ်,ဘေ, အီးနာ်,ပိင်ဂျာ အီးစီဆရာအယ်အော်။

ဘာည်းဒါ်;စာ်မ်ဇဲန့်မာ် ဆာ်အယ်လည်ကရောမ် ဆာ်အယ် ကျိုးကျား ဘုရားမာ်ကံပ်ဆမားပေန်စာ်မ်း အော်။

ခြိုင်းအယ်တအာင်းဘံဝ်ရာန်းအယ်မိ;ဆျှေမ်(ချွေမ်း) ဆာ်အယ်ဒါ်;ဆျှေမ်(ချွေမ်း)နီန်း ဘာည်းအနေကဲ အာင်ဆိင်ဒဲ;မ အယ်မေ;ကိုင်းကတာည်းအာင်ဆိင်ဒဲ;အယ်နာ်,ဘေ,ကဲယံင်းယာင် အယ်ဘယ်လဟိုမ်းကဲ ယံင်းအယ်ဂေါ်ည်းတေင်ကဲ တော်စံင်နည် ဂိုည်ဘိအူန်း အယ်တအာင်းဝံက် စာနံင်ဝံက်ဟာင်းအယ်အော်။

ယံင်းယာင်းအယ်နာ်,ဘေ, ဆနံမ်း အယ်ဟြေင်လေ;ကိုင်းကာည်း ဆနံမ်းအယ်ဟြေင်ကိုင်းတောရ် ကဲဘိဟာင်း စောင်း(ကျော်င်း) ပံင်ဂိုင်;

အရေးခိင်မံပ်

ခေင်ကိုင်းအယ်တအာင်း အရေးခိင်မံပ်နိန်း မာ်ရံန်ဆူဒါင်း(ဘံပ်ရာန်း)အယ်အော်။ ဂေါ,ဆီမိုး;ဘာည်းဇဲန့် ကော်နှ်းအယ်တအာင်း စီဇာ;ဇဲမ့်အာပ်ဟိုက်ဇိုက်ဇား ကဒည်ခြိုုပ်းမျိုးအီး၊ ဂေါ,ဟိုမ်းဖိင်း ညော,ဖိင်း တိုုပ်;ညှာမှဲ့မာ် အယ်အာပ်မေ;မ ဒီနံင်နော;ဒါင်း ခူကလာင်းဆဲ့ နံင်ကဇောည်,ခြိုုပ်းမျိုး နံင်ဟိုက်ဇား စာအန့်လိုည်းညျံမ်ဆမားဘယ်တိုး ဂိုည်ပံင်ခလိုည်းလိုည်အော်။ ညော,ဖိင်းဟိုမ်းဖိင်းနိန်း အန့်ပ္လေပ်းလေပ်ခည်း ခြိုုပ်းမျိုးအယ်ယာ်,ကမာ်; အန့်ပ္လေပ်းလေပ်းခည်း ခေင်အိုင်ဟိုမ်းအိုင်စူမ်းအော်...။

အိုည်စီဒါ်;ဖိင်းနိန်းမာ်မိုး;ဘံပ် ရာန်း(ရံန်ဆူ)ဒါင်းအယ်အော်။ မျိုးဖိင်းနိန်း ဆာ်အယ်တာက်ဖ့်ညော, ဘူနာ်,မဆိ ဘူနာ်,မ တာ်လိုဆာ်တိုး ကဇောည်,ခြိုုပ်း ကော်နှ်းတအာင်းပဲအိုည် ဝီးတဂီန်းတိုုပ်;ခံင်းဂေါ,ဖိင်းနိန်း အယ်နံင်ဘူဆမားမလာ့် ချဲကိုင်းကတာည်းအယ်တအာင်းအယ်နံင်ဘူနာ်,မ လာ့်ဖိုက်ဇားခြိုုပ်းအော်။ မှာန်းကော်နှ်းအယ်တအာင်း တော်နှ်းချေ;အော် အန့်အီမိုး;ရံန်ဆူဒါင်း (ဘံပ်ရာန်)နိန်း လိုတိုက်ဝဲ့ဝိုန် နံင်ကမာ်; ဟာပ်းခေင်းကတာည်းအယ်တအာင်း စာနံင်ပေန်တာ့်အယ် တော်နှ်းချေ;အော်။

ပ္ပိုုတ်ပ္ပတေ,

ကော်နှ်းအယ်တအာင်းတော်နှ်းချေ; အီဂေါ်ည်းကိုင်းဒိုင့် ကိုင့်ကစာ်မ် လိုနာ်,ခြိုုပ်းတအာင်း အီနာဘာည်းယာပ်း ဂေါ,မိုး;ဘာည်းဇဲန့် ခေင်နော;ဖေမ်းအယ် နံင်လိုည်ကဇောည်,ရေန်ဇိုင့်ခြိုုပ်းလို ချဲကပါ်,ကတာည်းအယ်တအာင်း ယံပ်းအီတေ; လာည်းဟာပ်းဒို့အော်။ခြိုုပ်းတအာင်းအယ် တော်နှ်းချေ; စူမ်းအယ်ရေန်ဇိုင့်ခေင်းကိုင်းဘူဒါ်; ခေင်းတံပ်နာန်းအယ်မာ် လိုကဇောည်,ဟာပ်း စာနံင်ဖိုက် ဇားခြိုုပ်းအယ်အော်။ ဒခိုပ်းဇဲန့် ရံန်ဆူအယ်(ဘံပ်ရာန်)အယ် လိုကဇောည်,တိုက်ဝိုန်ဒို့ စာနံင်ပျော်တ ခိုည်းတာ့်ခြိုုပ်းမျိုးတအာင်းအယ် အော်။ ဆိင်တာ်မ်းဘိုးကျော;အူတည်းခေင်းနော;အခည်းမည်း ဒဲ;မည်နာ်,ဘေ, ပနံပ်းအယ်နာ်,မျိုးပိင်ဌာ စာနံင်ဆာတာ့်ခြိုုပ်းအယ်အော်။ ခြိုုပ်းမျိုးတအာင်းအယ်ဒို့ဒို့ လိုလည်ကရောမ် အယ်ဒါး လိုလည်ကဇောည်,အယ်ဒါး အယ်စီနံင် ဟိုက်ဇားလာ့်တော်နှ်းကဒ တော်နှ်းဒီအော်။ ဇူအီညျန့်ဟာပ်းခီအာည်း အီပေန်ဘူဒါ်;အီမည်းဘူဒါ်; လိုဒို့ယာ်ည်,ဟြာ်,အယ်ကဇောည်, စာနံင်ပေန်တာ့်အယ်အော်။

ဘုပ်ဘိုန်ကုင်တအာင်း ကုင်တအာင်းဘုပ်ဘိုန်

ရိုဆေတော်နှ်းချေ;

ကာဆမာဘီရ်တိုအီဂဲအိုဝ်

အာရ်ဟြဲင်အူကိုဝ်လေ;ဖိုန်ဆန်မ်
ဂဲအီကာ်င်ကာန်ကုင်အိုဝ် ဟာ့်ဆောန်ကာန်ပီင်ညာ
ကဒကုင်လာည်ဆာ မိုဝ်;ဒိုည်,ဆြာဒါင်း
အဆာင်ခူန်နာန်း လှူနှာမ်အဆာက်
ဘိုန်ဆဒါည်ဂဲ ဟွည်,ကာဘိုန်တိုဝ်;ဝီး
ချူမ်ဟာဝ်းပဲတ်အဆာက်ဂဲ
ဂေါပ်ဘြာန်းဂဲပွေ;ဒဲ; အာ,ရဲယိုဝ်ကော်င်း
ဗိုလ်လောင်းခူန်နာန်း ချူမ်အဆာက်အူဇိုး
ဘိုည်ညာခိုည်ဒီန် အကျိုးအုံန်စာ်မ်ကာဟြာည်
အယ်ဒီဒါ;ငဲမှာန်ဆူး ဒဲ;ပဲပေါပံင်ရဒေင်ကျ ရဒေင်ဆာစိအေ့။

မိုဝ်;ပည်အီနံပ်ဥာဏ်ပီင်ညာဒါင်း
တွံန်စာတ်တွံန်ဇိုး အမှာန်ကာကချာ
ကုင်ချဲမ်းဆာပံင်ရဒေင် ကဝါန်းနုန်ရယဲတံပ်နာန်း
ပါပည်ကူန်မာတာယာအယ်ဂဲ
ဆုတောင်းဒဲ;တာ်ပဲတွံန်ကူ
စာတ်ဘံန်ဒဲ;ပဲပဲန်ပွည်, တိုအီရံတ်ခြိုင်းတွံန်ကူအေ့။
ကာဘီရ်ကာဟြာည်၊ နုရ်နွံရ်;ယဲမိုဝ်;ကူန်ရှုမာဂါင်း၊
စံဝ်ရဟာန်ဆင်ခါ
ခိုည်ကတူ;နုရ်ကုင်လာည်ဆာအိုဝ်
ထာန်ဂွည်အယ်တအာင်းအိုဝ်ဒိုည်,ဒိုည်,
ဒဲ;အုံန်ပဲန်ဆာက်ဆေကတဲဒါင်း
ခြိုင်းတအာင်းအယ်မိုဝ်;
တွံန်ကူတွံန်အခီင် တိုဝ်;အူန်းဂုင်ပဲဒိုည်,ဒိုည်,အေ့။

ကူတဲမ် = ဒီဒီပို;ထောင်ဆင်

လိုမေ;နော;လည်ကဝါည်း

ပီဂိုးဝါးဒါည်,လိုလည်ဟြာ်ည်,ခြိုင်း
နာင်မိုး;ပကျိုင်းပွါင်
ခူထိင်းအံန့်မိုး;အရာင်ပည်မဲ
ဆာ်မိုး;အရာင်ပည်မဲ
နှာင်ဂီည်နဲ့လိုည်းအယ်ဒါးအိုန်ဒါန်းအာ်,
ခြိုင်းအယ်စိနံင်ရာ်,လောည်းလောည်း
နံင်ဂေါ်ည်းဒည်းခနားအီး
ဂေါ်,ဘာည်ဒီန်;စိဒါ်;နာင်မိုး;လိုည်းပကျိုင်ပွါင်
ခူဒဲ;နော;အယ်ဝိုတ်ဝါင်တော,အီး
ဝါည်,နီးခြိုင်းအယ်စိနံင်ကတာ်နး
ဘာန်လှာ်နးစိနံင်ဟိုက်ဇား လိုလည်
ကတား မေ;နော;ကဝါည်းတော်နချေ;အော်။

ကူတဲမ် = လိုည်းအေးခဲင်

အာဝ်လိုဘီးကေးစူးတားအယ်ကဲ

အော်...ကေးစူးတားကဲ အာဝ်လိုဘီး
ဂေါ်,ဆီအယ်ဒါ်;အာဝ်လိုဘီး
ကဲမိုး;အီတိုဝ်;မေန်ဒဲ;အယ်
ဇိုအယ်နီး ဆာ်အာဝ်မေ;ကဲ
အယ်နံင်ဂေါ်ည်းဒည်း ခနားအီး
ဂေါ်,ဘာည်းဒီန်စိဒါ်;လိုမေ; နော;လည်ဆဖော။

လိုလည်အော အယ်လည်ကမေ;
လိုလည်ဖိုက်ကနေ;အယ်ဇား
လိုလည်ကတားနံင်ဟိုက်ချာ်နး
အာဝ်လိုထိဝ်းအယ်ဇော; လဘာ်နးအီး။
ယံဝ်းအယ်ဇော;လဘာ်နးအီး
တာအယ်ကဲခံမ်ကီန်းခံမ်ညှာမ်,
ယံဝ်အယ်အာမ်,ကိုင်အယ်တအီး
ဂေါ်,ဘာည်းဒီန်စိဒါ်;တားအယ်ကဲမိုး;
တာင်;တရုင်းဒါင်းဟြာင်ကိုင်အယ်တအာင်း
ကလာင်းကျော;မာ်ဇော;ဒီ
ကင်ဒေလ;ဘာည်နံင်လိုတော,ဟာဝ်း
စီလိုတညာဝ်းနာင်လေပ်ဆျိုက်တောန်းချေ;
ခူလည်ပွေ;တည်း၊ယံဝ်းငည်းကွိုး,ဂေါင်း
ဂေါ်,ဘာည်းဒီန်းစိဒါ်;လိုနာ်,
ကေးစူးတားအယ်ကဲ။
ကဲမိုး;အီချဲအေမ်ဘျေ,ကတာည်းအဲ
နာင်ကံပ်ဘိုန်းဂေါ်ည်းချီ,တေင်းကတာည်းအော်
ဂေါ်,ဘာည်းဇဲန်;စိဒါ်;အာဝ်လိုဘီး
ကေးစူးတားအယ်ကဲအော်။

ယေးအာဝ်ဘီးမှာ်ကဲ

ရေန်းဖိုင်းဆိမှာ် တံက်ခေဲင်နော;/တို
ရေန်းခလော်;ကဲအီဂိုန်နာ်
ကီန်းဒည်းမျိုးမေ, ဇင်ခီအာည်,
တိုပိုင်း တေ;တဇင် အွံရ်ရေန်း
ခီခွည်ဒီလို ဒီပိုတေ;လာည်
ဒီဘျာ်ည်, ဟံပ်နိုက် ဒီဘူနိုက်ဘို
အီဒဲ,အီဒါင်း ဂ္လာင်းဒို့ပေန်
နော;ဖေမ်းနိုက်ဖြေင် တေဲင်အီရဝ်ဂါင်း
အုံန်အီချိ, လာည်တခီ,
အုံန်အီချာ လွေ;ဝိုန်း
အုံန်အီပေန် လာည်အူန်း
အုံန်အီလူတ် ဘြဲဆား
ပုံန်တဂေန် မိုဝ်;အီချိ,
ပုံန်ကံမ်း ရီ,မိုဝ်;တြား
ပံန်အာန်းဖိုင်း မိုဝ်;စာခြိုဝ်း
ပုံန်ဆိင်ဘိုန်းမိုဝ်; ကုင်တအာင်း
ဂေါည်ဒိုင် ကူန်မာ ကူန်မာဘုံပ်ရံက်
ဂေါည်ဒိုင် ရမာ ဖြားတြား အာဝ်ဘီး
အစာခြိုဝ်းမျိုး အီရဝ်အာဝ်လိုင်
တိုပိုင်း အွံရ်အာည်, ဘံဝ်ဖိုင်းအာဝ်ဝိုန်း
တိုက်နာန်း အာဝ်ယံဝ် ဘူဂေါအာဝ်လွေ;
ကူန်ရဝ်မာဂါင် ဝါင်းခူန်ကောန်းနာန်း
ကဆာင်ဒဲ; နော;ဖြေင်တံင်နေး
ကဲအီရေန် ခြိုဝ်းမျိုး ငါည်းလွါင်
ကဲအီတာင် ကနာည်ခြိုဝ်းအယ်
မေ;ဒီဇင် ရံင်မာဝ်းတီ,အူန်
တိုပိုင်အုံန် ဘည်လှုအဆာက်
ယေးအာဝ်ဘီ ပံင်တီ,ဆုံမ်အူန်
နလှု;ဝီးဆေ စာ်မ်းစံင်နည်း
မိုဝ်;ဆင်ည်း(19.11)
ယေးမှာ်ရိုဆေ တေ;ကနေ့;ဇားဂုင်
ယေးမှာ်တေ;နော; ကအာ်မ်းအူန်း
နော;ယေးမှာ် ခဲခမ့်တော,
အာဝ်ပျော တခိုည်
ကဲအီမိုဝ်; အာဇာ
ဂေါပ်စာ်မ်း ဆင်ည်းအိုင်ဒီန်း
ယေးအာဝ်ဘီ အာဝ်ပျော်;
နလှု;ဝီး ဆေဆေ
ကဲလှုဟာဝ် ယိုင်နာမ်အဆာက်
ကနာည်ခြိုဝ်းတအာင်း
ဆဒိ အာဝ်ဘီ ဒံန်ခြဲဒဲ;
ဝါင်ခူန်ကောန်းနာန်း ကူန်ရဝ်မာဂါင်
ကဆာင်ဒဲ; ပံင်နာ်, တဘံဝ်ဖိုင်းဘံဝ်ဘိုက်
ကဆာင်ဒဲ; ဖိုင်းကည်း အုံန်အီတော,
အိုင်ဒေါန်း
နံင်အီဂိုပ်ညှမ် ပံင်ရေန်မို; ဆံက်ဆေ
နံင်အီအာဝ်ဘီ ပံင်ရေန်မို; ဆံက်ဆေ
နံင်ဖိုဝ်အာဝ်ကမာ်; ပံင်ရေန်မို; ဆံက်ဆေ
ယေးအာဝ်ဘီ အာဝ်ပျော်;
ကဲအီမိုဝ်;အာဇာအယ်နာ်
ပြိုဝ်;ပျာ်ည်, တပ်နာန်း
မှာန်တအာင်းအယ်တခိုည်
ကဲအွံရ်ကိင်ဒါင်း မှာန်တအာင်းမေ;ကိုင်
ကဲလှုယိုင်နာမ် မှာန်တအာင်းအယ် ခူဘီ
ကဲမိုဝ်;အာဇာ ကနာည်ခြိုဝ်းတအာင်း
ဘုံပ်ဘိုန်ကုင်တအာင်း
ကုင်တအာင်းဘုံပ်ဘိုန်
ကူတဲမ်=တားဆဲင်မံန်

ဆောင်းတွင်မိုးရွာလေပြီ

ဆောင်းနှင်းဖွဲးကြား
အခါလွန်မိုးတွေသည်းတော့
ချမ်းတုန်နေမှာ ကိုယ်ချင်းစာပါတယ်
ပို့ထားတဲ့ အတွင်းဝတ်အနွေးခံတွေ
ရပြီလား ညီငယ်။
ဒီလိုပဲ ဖောက်ပြန်တဲ့ရာသီ
ဖောက်ပြန်တဲ့ မြန်မာပြည်မှာ
တို့တော်လှန်ရေးမလုပ်ရင်
လူလွန်မသားတွေ လူစိတ်သုန်းလုပ်သမျှ
ခါးစီးခံနေရမှာပေါ့။
NCA နဲ့ ၂၁ ပင်လုံညီလာခံကို
အသံတည်ညံပေးပြီး
တို့ကို ထိုးစစ်ဆင် စစ်သလင်းမြေပြင်
ဆောင်းရန်ပျက်လို့
သူပုန်က ဂျီနီဗာကွန်ဗင်းရှင်းနဲ့မဆိုင်
တိုင်းရင်းညီအစ်ကိုချင်းဆိုပြီး
လေယာဉ်သုံးချေမှုန်းတာ ဂုဏ်ရှိသလိုလို
စစ်ကျင့်ဝတ်သိက္ခာဆိုတာ သူတို့မရှိပေမဲ့
ငါတို့မှာ တော်လှန်ရေးကျင့်ဝတ်ကို
မြဲမြံအောင်ကိုင်ထားရမယ်။
ညီလေးရေ အားမလျော့လိုက်နဲ့
ညီမလေးရေ ပြေးရင်းလွှားရင်း
စိတ်မာန်တင်းထား
တော်လှန်ရေးမာရသွန်က ရှည်ကြာတယ်
တို့တတွေစုရုံးရင်ဖြင့်
တော်လှန်ရေးပန်းတိုင်က မုချမလွဲ
ငါတို့လက်ထဲ
တို့ညီငယ် မျိုးဆက်သစ်တွေကို
ဒီစစ်ပွဲတွေလက်ဆင့်မကမ်းချင်ဘူး
ခါးသီးမှုတွေအကုန်အပြီးတိုင်စားသောက်
ငါတို့လက်ထက်မှာ
လိုရာပန်းတိုင်ရောက်ရမယ်။

ညီငယ်...
ညီမငယ်...
ငါတို့ပန်းတိုင်ရောက်အောင်
ဉာဏ်လွှာသုံးတည်ဆောက်မယ်...
ဆွေးနွေးညှိနှိုင်းမယ်
အဟန့်အတားတွေကို တွန်းထုတ်
ရှင်းလင်းကျော်ဖြတ်မယ်။
တော်လှန်ရေးရီးရဲ့ ခက်ခဲကြမ်းတမ်းမှု
စာဖွဲ့သီကုံးလို့မရနိုင်အောင် ပင်ပမ်းပေမဲ့
အရာအားလုံးဟာ
တို့ခြေဖဝါးအောက်မှာပါ။
ညီငယ်..ညီမငယ်
ရုပ်..စိတ် ကျန်းမာရေးဂရုစိုက်ကွယ်
တော်လှန်ရေးပန်းတိုင်ကို
တို့အရောက်ချီတက်ရမယ်။

ဘုန်းကျော်(လက်ဖက်မြေ)
၂၃/၁၁/၂၀၁၇...၂၀း၀၁

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA ၏ တပ်ရင်းတပ်ဖွဲ့အချို့နှင့် တအန်းမိဘပြည်သူတို့ စုပေါင်း၍ လမ်းပြုပြင်ခြင်း လှုပ်ရှားမှုဆောင်ရွက်ချက်ပုံရိပ်များ



ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF/TNLA ၏ ကျန်းမာရေးဌာနမှ နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းလှုပ်ရှားဆောင်ရွက်ချက်များ၏ ပုံရိပ်

တအန်းပြည်နယ်၊ နမ့်ဆန်မြို့နယ်၊ မန်လုံကျေးရွာရှိ မိဘ ပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို စိစစ်ပြီး လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်နိုင်ရန်အတွက် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးPSLF/TNLA ၏ ကျန်းမာရေးဌာနမှ ကွင်းဆင်း ဝန်ထမ်းအင်အား(၁၄)ဦး၊ လုံခြုံရေးအင်အား (၇၈)ဦးတို့ဖြင့် အသုံးပြု၍ ၂၀၁၇ခုနှစ်၊ နိဝင်ဘာလ (၁၅)ရက်နေ့ တစ်ရက်သာ ဆေးဝါးကုသမှုများဆောင်ရွက်ခဲ့သည်။

လာရောက်ကုသသူ အမျိုးသား သက်ကြီးပိုင်း (၁၃)ဦး၊ ကလေးငယ် (၂၀) ဦး၊ အမျိုးသမီး (၅၆)ဦး စုစုပေါင်းလူဦးရေ(၈၉)ဦး တို့အား ကုသပေးခဲ့ပါသည်။ အဖြစ်များသော ရောဂါများမှာ သွေးအားနည်းခြင်း၊ ဝမ်းပျက်ဝမ်းကိုက်ခြင်း၊ သွေးတိုးခြင်း၊ ဆီချိုရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါ အဖြစ်များသည်ဟု သိရှိရပါသည်။